သွေးသစ္စာ၊ ယုံကြည်ရာ၊ အလိုမရှိ စတဲ့ စိတ်ဓာတ်တက်ကြွဖွယ် တော်လှန်ရေးသီချင်းတွေပါ။

တကယ်လို့ ရဲခွေး၊ စစ်ခွေးတွေရောက်လာရင်လည်း သူတို့ကိုပါ စတုဒိသာကျွေးလို့ရပါတယ်။ ဒန်ပေါက်တို့၊ ကော့တေးတို့ပေါ့။

ပျော်စရာသင်္ကြန်မှာ အချင်းချင်း စနောက်ကြတဲ့ ချစ်စရာ၊ စိတ်တိုစရာဓလေ့လေးတခု ရှိပါသေးတယ်။ "အိုးမည်းသုတ်"ကြတာပါ။ ဒီနှစ်တော်လှန်သင်္ကြန်မှာတော့ တိုင်းပြည်ကိုအိုးမည်းသုတ်နေတဲ့ ဖက်ဆစ်အာဏာရူးတွေကို ဆန့်ကျင်တဲ့အနေနဲ့ ပြည်သူတွေက ပါးမှာ လက်သုံးချောင်း အိုးမည်းသုတ်ပြီး အာဏာကို ဖီဆန်ကြလို့ရပါတယ်။ အိုးမည်းသပိတ်ပေါ့။

လမ်းလျှောက်သင်္ကြန်လည်းဆင်နွှဲလို့ရသေးတယ်။

အမျှားမျှားစုနိုင်သလောက်စုကြပြီး။ အမိုက်စားဒီဇိုင်းတွေနဲ့ဆန္ဒပြကြမယ်။ ပါးမှာလည်း အိုးမည်းသုတ်လို့ပေါ့။

တော်လှန်လမ်းလျှောက်သင်္ကြန်ဟာ ဆန္ဒပြပွဲပဲ။

ဒီ သပိတ်တွေကို နိုင်ငံတကာကသိမြင်ပြီး ပြည်သူတွေက သွေးမအေးနေကြောင်း Twitter မှာ Tweet ကြတဲ့အခါမှာလည်း စိတ်ဝင်စားအောင်လို့ မြန်မာ့သင်္ကြန်ယဉ်ကျေးမှုအကြောင်းကိုပါ ရေးသားဖော်ပြလို့ရပါတယ်။

သိကြားမင်းလည်း မနှစ်က ကိုဗစ်တုန်းကလည်း လူ့ပြည်မဆင်းရတော့ ဒီနှစ်မှာ ၂ နှစ်စာပေါင်းပြီး အတိုးချ ပျော်ချင်ရှာမှာပါ။ ဒါကြောင့် သိကြားမင်းလည်း အတွေ့အကြုံအသစ်ရအောင်လို့ ပြည်သူတွေက တော်လှန်သင်္ကြန်ကို ကျင်းပကြရမှာပါ။

ဒါမှ သိကြားမင်းလည်း လက်တဖက်က မိုလိုတော့ဗ်ကိုကိုင်၊ ဦးခေါင်းမှာ Safety Helmet ဆောင်းကာ Free Ride ကိုစီးပြီး လူ့ပြည်ကို ဆင်းလာနိုင်မှာပါ။ ပြည်သူတွေကျင်းပတဲ့ တော်လှန်သင်္ကြန်ရဲ့ အကျနေ့နဲ့ အကြတ်နေ့တွေမှာ သိကြားမင်းလည်း လက်သုံးချောင်းထောင်ရင်း ဆင်နွှဲပြီး အပြန်မှာတော့ အာဏာ ရူးစစ်ကောင်စီနဲ့ စစ်ခွေး၊ ငရဲခွေးအားလုံးရဲ့ စာရင်းကို ခွေးသားရေပုရပိုက်မှာ ရေးမှတ်ကာ သင်္ကြန် အတက်နေ့မှာ နတ်ပြည်ကို ပြန်တက်မှာပါ။

နောက်တရက် နှစ်ဆန်း ၁ ရက်နေ့မှာတော့ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်ရဲ့ နှစ်သစ်ကို ကူးပြောင်းရင်း တစ်နိုင်ငံလုံးက ပြည်သူအပေါင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် သံပုံးကိုသောင်းသောင်းဖြဖြတီးပြီး တစ္ဆေမိစ္ဆာ စစ်အာဏာရူး ငရဲခွေးတသိုက်ကို လူ့ပြည်ကနေ အပြီးအပိုင် မောင်းထုတ် ကြဦးမှာပါ။

ဒါကတော့ ကျနော်တို့ဉာဏ်မီသလောက် စဉ်းစားလို့ရတာတွေပါ။ Generation X, Y, Z အားလုံးရဲ့ ပိုလန်းတဲ့ တော်လှန်သင်္ကြန်အတွေးအခေါ် အသစ်တွေရှိမှာသေချာပါတယ်။

ငြိမ်နေလို့ကတော့ အရှုံးထက်မပိုပါဘူး။ ခုလည်းငြိမ်နေတာပါပဲ။ တော်လှန်သင်္ကြန်ကိုဆင်နွှဲပြီး အမြတ်ထုတ်ကြပါ။

တပေါင်းလည်းကျော်ပါပြီ ဒီတန်ခူးမှာ ပိတောက်ခူးရင်း စောက်ရူးကိုနှင်ထုတ်ကြပါစို့။

စစ်အာဏာရှင်စနစ် ပပျောက်အောင် အတာရေနဲ့ ဆေးကြောကြပါစို့။

ပျော်စရာသင်္ကြန်မဟုတ်တဲ့ တော်လှန်သင်္ကြန်နော် မမေ့ပါနဲ့။

• • •





# မိုလိုတော့ဗ်

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန်

စာစဉ်-၁ ၊ အမှတ်-၂




"ရန်သူက မိမိထက် လက်နက်အင်အားသာလွန်ပြီး
မိမိက ရန်သူထက် လူထုထောက်ခံမှု အင်အားသာလွန်သောအခြေအနေတွင် ပြောက်ကျားစစ်နည်းလမ်းကို
အသုံးပြုလေ့ရှိသည်။"

## နွေဦးမီးတောက်



အိုမင်းရင့်ရော်ခြင်းတွေရှိတဲ့အရပ်မှာ
ကိုယ်ကျင့်တရားစံနှုန်းနဲ့ တရားဓမ္မသင်ရိုးဆီပဲ
တည့်တည့်သွားတယ်

လူမျိုးကြီးဝါဒလွှတ်မြောက်ရာမှာသာ
ငါ့ကို မီးဖွားပေးပါ မိခင်

ဝမ်းနဲ့လွယ်မွေးဖွားသူမိခင်ရေ
ဘာသာတရားနဲ့
နှံ့သာထုံအီမွေးကြိုင်မှုကင်းတဲ့အရပ်မှာသာ
ငါ့ကို မွေးမြူပျိုးထောင်ပေးပါ

လူသားစံနှုန်းတွေ သင်ကြားပေးပြီး
လူသားဆန်မှုတွေကို ရိုက်ချိုးဖျက်ဆီးနေတဲ့
လူ့အဖွဲ့အစည်းကြီးရဲ့ လူ့အခွင့်အရေးဆိုတာ
လူတန်းစားခွဲခြားတဲ့ ဖျော်ဖြေရေးတခုပဲ

ငါ့ယုံကြည်မှုဟာ ငါ့အမှန်တရားလို့
ကြွေးကြော်နေရုံနဲ့ အမှန်တရားရောက်မလာဘူး
အမှန်တရားလို့ယုံကြည်ရင်
အမှန်တရားလို့ဆီပဲ
ငါတို့ ရောက်အောင်သွားရလိမ့်မယ်

နေ့အလင်းရောင်ထဲ သွေးကွက်တွေက
အမှောင်ထဲကို သွေးပျက်ဖွယ်စီးဝင်လာပြီ



မိခင်ရေ
သွေးအိုင်ထဲအသက်ကို
သွေးနဲ့သန္ဓေတည်ခဲ့သူတွေပဲ ယုတ်မာနေကြပြီ။ ။

● ရည်မြသူ





# တော်လှန်သကြ္န် နှိုးဆော်စာ

စစ်အာဏာရှင်လက်အောက်မှာ နှစ်သစ်ကူးအတာ သင်္ကြန်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲအနေနဲ့မကျင်းပဖို့ လူမျိုးပေါင်းစုံ လူငယ်တွေက ပြည်သူလူထုကို မေတ္တာရပ်ခံနေတာ အားရစရာအတော်ကောင်းပါတယ်။ အာဏာကိုလုယူထားတဲ့ ဖက်ဆစ်စစ်တပ်က စီစဉ်ကျင်းပမယ့် ဘယ်ပွဲတော်မျိုးကိုမဆို ကျနော်တို့ ဆန့်ကျင်ပြီး အာဏာဖီဆန်ရမှာပါ။

ဒီလို ဖီဆန်တဲ့နေရာမှာ သင်္ကြန်ကာလတခုလုံး အိမ်ထဲမှာပဲနေ၊ လမ်းပေါ်လုံးဝမထွက်ဘဲငြိမ်သက်စွာဖြတ်သန်းပြီး သပိတ်မှောက်ကြတာမျိုးကတော့ ခွေးဝမ်းသာအောင် လေလည်ပြသလိုဖြစ်နေမှာပါ။ ဒီကောင်တွေလိုချင်တာက “ငြိမ်ဝပ်ပိပြားမှု” ပါ။ ကျနော်တို့ ဒီကောင်တွေကိုပြန်ပေးရမှာက “အုံကြွတော်လှန်မှု” ပါ။ အလံတွေလိပ်ပြီး အသံတွေ တိတ်နေရမယ့်အချိန်မဟုတ်ပါဘူး။

ပြည်သူ့အာဏာက ပြည်သူလက်ထဲမှာပါ။ စစ်ကောင်စီက သင်္ကြန်အဖြစ် ကျင်းပပ၊ ဖျက်သိမ်းသိမ်း “ပြည်သူတွေရဲ့ သင်္ကြန်” ကို ပြန်သူတွေ တညီတညွတ်တည်း ကျင်းပကြဖို့ လိုပါတယ်။

ကျနော်တို့ ကျင်းပမယ့်သင်္ကြန်ပွဲက ပျော်စရာသင်္ကြန်ပွဲ မဟုတ်တဲ့ တော်လှန်သင်္ကြန်ပွဲပါ။

ဆန္ဒပြရင်း သင်္ကြန်ကျကြမှာပါ။

ကျနော်တို့ စဉ်းစားမိသမျှ တော်လှန်သင်္ကြန်ပွဲ ကျင်းပလို့ရတဲ့ လှုပ်ရှားမှုတွေကို တင်ပြလိုက်ပါတယ်။

သင်္ကြန်ကာလမှာ မြန်မာ့ဓလေ့အရ အတာကြိုခြင်းကနေစလို့ရပါတယ်။ အတာကြိုတဲ့ အတာအိုးတွေမှာ မကြာသေးခင်က လှုပ်ရှားမှုတခုဖြစ်တဲ့ Easter Egg Strike မှာ ကြက်ဥလေးတွေပေါ် တော်လှန်တဲ့ ပုံရိပ်တွေဆွဲပြီးတော့ အာဏာရှင်ဆန့်ကျင်ခဲ့ကြသလိုပဲ အခုလည်း အတာအိုးတွေပေါ် မှာ လက်သုံးချောင်းပုံ၊ တော်လှန်ဆန့်ကျင်တဲ့စာသား၊ ပုံတွေရေးဆွဲပြီး နှစ်သစ်ကူးကို ကြိုဆိုနိုင်ပါတယ်။

ဒီနှစ်သင်္ကြန်ကာလရဲ့ အကြို၊ အကျ၊ အကြတ်၊ အတက် ၄ ရက်စလုံးမှာလည်း အရင်က လုပ်နေကျဓလေ့တွေကို တော်လှန်တဲ့ လှုပ်ရှားမှုအဖြစ် ဆောင်ရွက်နိုင်ပါတယ်။

သင်္ကြန်နဲ့ ခွဲခြားမရတာ “သံချပ်” ပါ။

ရပ်ကွက်အလိုက် လမ်းထိပ်တွေ၊ လမ်းထဲတွေမှာ သံချပ်ဝိုင်းတွေနဲ့ စစ်အာဏာရှင်ဆန့်ကျင်တဲ့ သံချပ်တွေ ထိုးကြမယ်။ အခက်အခဲကြီး မဟုတ်ပါဘူး။ ဖေဖော်ဝါရီ ၆ ရက်ကစပြီး လမ်းတွေပေါ် လွှမ်းခဲ့တဲ့ ပြည်သူတွေရဲ့ ကြွေးကြော်သံတွေကိုလည်း သံချပ်လို ရွတ်လို့ရပါတယ်။

*အတာသင်္ကြန်ဆိုတာ နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောတာဖြစ်သလို သံချပ်ဆိုတာကလည်း နှစ်ဟောင်းကအမှားတွေနဲ့ လိုအပ်ချက်တွေကို ထောက်ပြဝေဖန် တော်လှန်တာဖြစ်ပါတယ်။*

စတုဒိသာကျွေးကြမယ်။ လမ်းထဲက အိမ်နီးနားချင်းတွေစုပြီး မုန့်လုံးရေပေါ် လုံးကြမယ်။ အိမ်တွေကိုလိုက်ဝေကြမယ်။ မုန့်လုံးရေပေါ် ဝေရင်း လက်သုံးချောင်းထောင်ကြမယ်။ အိမ်တိုင်းက တော်လှန်သင်္ကြန်သီချင်းတွေဖွင့်ကြမယ်။

– စတုဒိသာကျွေးကြမယ်။ မုန့်လုံးရေပေါ် ဝိုင်းလုံးကြမယ်။

အိမ်တိုင်းက တော်လှန်သင်္ကြန်သီချင်း ဖွင့်ကြမယ်။ တော်လှန်သင်္ကြန်ရဲ့သီချင်းတွေကတော့

ဒါကိုသိတဲ့ပြည်သူတွေက ရပ်ကွက်အုပ်ချုပ်ရေးစနစ် အကောင်အထည်မပေါ် အောင် ရပ်ကွက်အုပ်ချုပ်ရေးရုံးတွေကို သော့ခပ်တာ၊ အသေပိတ်ဆို့တာတွေကို ရပ်ကွက်တော်တော်များများမှာ ပြုလုပ်ခဲ့ကြပါတယ်။

မတ်လ ၂၂ ရက်နေ့က ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးရုံး မီးလောင်ကျွမ်းခဲ့တာကြောင့် ရပ်ကွက်ထဲကို စစ်အာဏာရှင်တွေ ဒေါသတကြီး သေနတ်နဲ့လိုက်လံပစ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ဒါက ဘာကိုပြသလဲဆိုရင် သူတို့ရဲ့ အားအနည်းဆုံး အသားနုကို ဆားနဲ့ပက်ခံရလို့ ထွက်လာတဲ့ဒေါသစိတ်ဖြစ်တယ်။

စစ်အုပ်စုဟာ အာဏာသိမ်းတာ ၂ လကျော်ကြာလာသည်အထိ အခြေခံအကျဆုံးနဲ့ ပြည်သူကို အနီးကပ်ဆုံးစောင့်ကြည့်ဖိနှိပ်နိုင်တဲ့ ရပ်ကျေး အုပ်ချုပ်ရေးကို အခြေတကျ မလည်ပတ်နိုင်တာကြောင့် ဒေါသချောင်းချောင်းထွက်နေတယ်။

စစ်အာဏာရှင်စနစ်အကြောင်းကို သိနားလည်ထားပြီးဖြစ်တဲ့ ပြည်သူတွေကလည်း ရပ်ကျေးအုပ်ချုပ်ရေးအခြေမကျရေးအတွက် နည်းပေါင်းစုံနဲ့ဆန့်ကျင်နေကြတယ်။ ချောက်မြို့မှာရုံးဖွင့်ဖို့ ကြိုးစားတဲ့ စစ်အုပ်စုကို ပြည်သူတွေက ဆန္ဒပြုပြီး “မည်သည့်ထွေအုပ်စာရေး၊ မည်သည့်ရပ်ကွက်လူ ကြီးမှ အလိုမရှိ၊ ကိုယ်ပိုင်အုပ်ချုပ်မည်။ ပုံဒေသခံများ” ဆိုပြီး ချောက်မြို့ရပ်ကွက်ရုံးတွေမှာ စာတန်းချိတ်ဆွဲထားခဲ့ကြပါတယ်။ အင်းစိန်က ရပ်ကွက်တခုမှာ “အုပ်ချုပ်ရေးမှူးမရှိသောကြောင့် စစ်တပ်ကအုပ်ချုပ်မယ်”လို့ ဆိုင်းဘုတ်ထောင်ရတာကိုကြည့်ရင် စစ်အုပ်စုရဲ့အုပ်ချုပ်ရေး အခြေမခိုင်တာကို ပြနေတယ်။

ဧပြီလ ၄ ရက်နေ့က စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းမှာရှိတဲ့ ကျွန်းတောမြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး မီးလောင်ကျွမ်းခဲ့ပါတယ်။ ထို့အတူ ၄ ရက်မနက်မှာ တောင်တွင်းကြီးမြို့နယ် မောင်းတိုင် ၁ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးလည်း မီးလောင်ကျွမ်းခဲ့ပါတယ်။ ဒါဟာတွေက စစ်အုပ်ချုပ်ရေးကို အကူအညီပေးချင်တဲ့ ပြည်သူ့သစ္စာဖောက်တွေကို သတိပေးအချက်ပြလိုက်တာဖြစ်တယ်။ အရင်က လည်း ဒီလိုသတိပေးမှုမျိုးတွေရှိခဲ့ပါတယ်။

မတ်လ ၁၉ ရက်နေ့ကလည်း မြဝတီခရိုင် ဇရပ်ဖြူကုန်းကျေးရွာအုပ်စုမှာ အသစ်ခန့်ထားတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ အစည်းအဝေးလုပ်နေတုန်း သေနတ်နဲ့ဝင်ရောက်ပစ်ခတ်မှုကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၂ ဦးသေဆုံးခဲ့ပါသည်။ မတ်လ ၃၀ ရက်နေ့မှာတော့ ဘားအံ အမှတ် ၆ ရပ်ကွက် အုပ်ချုပ်ရေးမှူးအိမ်ကို လက်ပစ်ဗုံးနဲ့ပစ်မှုဖြစ်ပွားခဲ့ပါတယ်။ ရန်ကုန်မြို့ ကျောက်တန်းမှာ အုပ်ချုပ်ရေးမှူး ဓားထိုးခံရတဲ့သတင်းတွေကြားသိရခဲ့တယ်။ ဒီအဖြစ်အပျက်တွေဟာ ပြည်သူတွေက စစ်အုပ်စုရဲ့ အာဏာကို တွန်းလှန်ခြင်းရဲ့ သင်္ကေတဖြစ်တယ်။

စစ်အုပ်စုရဲ့ အားအနည်းဆုံး အသားနုဖြစ်တဲ့ အရေးလည်းပါတဲ့ ရပ်ကျေးအုပ်ချုပ်ရေးကို အခြေမတည်နိုင်အောင် လုပ်ဆောင်နိုင်ရင် စစ်အာဏာမှုချကျဆုံးမှာဖြစ်တယ်။

● စည်သာအောင်



# ကေဒါ စံ ၄ ချက်

● တင်မြင့်ဇော် ●



ပြောက်ကျားစစ်မှာ ကေဒါစံ ၄ ချက်ဆိုတာရှိတယ်။ ဒီစံ ၄ ချက်ကို ချမှတ်ခဲ့သူက ဘူလ်ဂေးရီးယား ကွန်မြူနစ်ပါတီခေါင်းဆောင် ဂျော်ဂျီ ဒီမီထရော့ဆိုသူ ဖြစ်ပါတယ်။ သူက ဒုတိယကမ္ဘာစစ်ရဲ့ တိုက်ပွဲ သေနင်္ဗျူဟာကို ချမှတ်ခဲ့သူပါ။ ဒုတိယကမ္ဘာစစ်မှာ ကွန်မြူနစ်နဲ့ အရင်းရှင်ပေါင်းပြီး ဖက်ဆစ်ကို တိုက်ရမယ်ဆိုတဲ့ လမ်းစဉ်ကို တင်ပြခဲ့သူ ဖြစ်ပါတယ်။

ရဲဘော်ဒီမီထရော့ဟာ ကမ္ဘာ့အဆင့် သေနင်္ဗျူဟာကို ချမှတ်နိုင်တဲ့ ကမ္ဘာကျော် ပြောက်ကျားစစ်ပါရဂူတယောက် ဖြစ်ပါတယ်။ ဒီကေဒါစံ ၄ ချက်ကို သူချမှတ်ခဲ့တယ်ဆိုတာကလည်း ပြောက်ကျားစစ် သဘောတရားပေါ် မှာ အခြေခံထားတာပါ။ သူ့ရဲ့ ကေဒါစံ ၄ ချက်က ရိုးရှင်းလွယ်ကူတယ်။ ဒါပေမဲ့ အင်အတန် အဆီအနှစ်ပါတယ်။ ပြောက်ကျားစစ်ပွဲ ဆင်နွှဲမယ့် ရဲဘော်တိုင်း ဒီ ကေဒါစံ ၄ ချက်ကို မမေ့မလျော့ သတိပြုအပ်ပါတယ်။

၁။ အကြွင်းမဲ့ သစ္စာရှိခြင်း

၂။ လူထုနဲ့ ဆက်စပ်ခြင်း

၃။ မှီခိုမှုကင်းစွာ အလုပ်လုပ်နိုင်စွမ်းရှိခြင်း

၄။ စည်းကမ်း လိုက်နာခြင်း

ဆောင်းပါး

ဒီစံ ၄ ချက်ကို ဆွေးနွေးကြည့်ပါမယ် ... ။

၁။ ပြောက်ကျားစစ်ဆိုတာ ကိုယ့်ထက် အင်အား အဆမတန် သာလွန်တဲ့ ရန်သူနဲ့ရင်ဆိုင်တာဖြစ်တယ်။ ရန်သူလွှမ်းမိုးတဲ့ဒေသမှာ လှုပ်ရှားတာဖြစ်တယ်။ လက်နက်ကိုင် တိုက်ပွဲ သဏ္ဍာန်ဖြစ်တယ်။ ဒါကြောင့် ရန်သူ့လက်ကို အချိန်မရွေးကျနိုင်တယ်။ ဖမ်းမိရင် အကုန်ဖော်မှာဆိုရင် သမင်မွေးရင်း ကျားစားရင်းဖြစ်မှာပဲ။ ဒါကြောင့် ပြောက်ကျားရဲဘော်တွေဟာ ရန်သူ့လက်ရောက်ရင် အသက်ကိုပေးဖို့ ဆုံးဖြတ်ပြီးသားဖြစ်ရမယ်။ ကိုယ့်အသက်ကို ပမာမထားဘဲ ရဲဘော်တွေကို ကာကွယ်နိုင်သူဖြစ်ရမယ်။ ဒါကြောင့် အကြွင်းမဲ့ သစ္စာရှိရမယ်ပြောတာပဲ။

၂။ ပြောက်ကျားစစ်ဟာ လူထုကို အခြေခံတယ်။ ပြည်သူနဲ့တသားတည်း ဖြစ်ရမယ်။ လူထုကို မှီခိုရမယ်။ လူထုကို အကာအကွယ်ယူရမယ်။ တပြိုင်တည်းမှာ လူထုကို ကာကွယ်စောင့်ရှောက်သူလည်း ဖြစ်ရမယ်။ ဒါကြောင့် ပြည်သူနဲ့ ပြောက်ကျားကို တသီးတခြားစီ ခွဲခြားနားလည်ဖို့ မဖြစ်နိုင်အောင် တသားတည်းကျနေရပါမယ်။ ပြောက်ကျားရဲဘော်တွေဟာ စက်ရုံထဲမှာ အလုပ်သမားဖြစ်နေရမယ်။ လယ်ကွင်းထဲမှာ လယ်သမားဖြစ်နေရမယ်။ ပုန်းအောင်းတိမ်းရှောင်ရင်း ခိုလှုံနေရတဲ့ အိမ်မှာ မိသားစုဝင်ဖြစ်နေရပါမယ်။ ဒါကြောင့် ပြောက်ကျားရဲဘော်တွေဟာ လူထုနဲ့ ဆက်စပ်သူဖြစ်ရမယ်လို့ ဆိုထားတာပါ။

၃။ ပြောက်ကျားရဲဘော်တွေဟာ နေ့အလုပ်သမား ညပြောက်ကျား၊ နေ့လယ်သမား ညပြောက်ကျား စသဖြင့် လူထုနဲ့အတူ ဆက်စပ်တည်ရှိနေတာပါ။ လူထုဟာ ပြောက်ကျားတပ်ဖွဲ့တခုလုံးကို အစုအစည်း မပျက် ဖုံးကွယ်ပေးချင်မှ ပေးနိုင်မှာပါ။ ဒါကြောင့် ပြောက်ကျားရဲဘော်တွေဟာ လူထုကြားမှာ ရေနဲ့ငါးလို တသားတည်း ဖြစ်အောင်နေရမယ်။ အခြေအနေ ထူးခြားချက် ရှိတာနဲ့တပြိုင်နက် လက်နက်ကိုင်ပြီး တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိရမယ်။ တပ်စုအမိန့် တပ်စိတ်အမိန့်တွေ စောင့်နေခွင့်မရပါဘူး။ ဒါကြောင့်လည်း မှီခိုမှုကင်းစွာ အလုပ်လုပ်နိုင်စွမ်းရှိရမယ်လို့ပြောတာပါ။

၄။ စစ်တိုက်တယ်ဆိုတာ စစ်ရေးစည်းရုံးမှုသဏ္ဍာန် ဆောင်တာချည့်ပဲ။ တက်ဆိုတက် ဆုတ်ဆိုဆုတ် အမိန့်ကိုနာခံရတယ်။ အသံမထွက်နဲ့ဆို အသံမထွက်ရဘူး။ မလှုပ်နဲ့ဆို မလှုပ်ရဘူး။ စည်းကမ်းဟာ အသက်ပဲ။ စစ်ရေးမှာ အမိန့်နာခံတတ်ဖို့ အရေးအကြီးဆုံးပဲ။ ဒါကြောင့် ရဲဘော်တိုင်းဟာ စည်းကမ်းကို တိတိကျကျ လိုက်နာရတယ်။

ဒီစံ ၄ ချက်ကို ရဲဘော်ဒီမီထရော့က အလုပ်သမားများ၏ ဖက်ဆစ်ဆန့်ကျင်ရေး ညီညွတ်ရေးတပ်ပေါင်းစုအတွက် တိုက်ပွဲဝင်ကြဆိုတဲ့ဆောင်းပါး အပိုင်း(၇) “ကေဒါပြဿနာ”ဆိုတဲ့နေရာမှာ ထည့်သွင်း ဖော်ပြခဲ့တာပါ။


● တင်မြင့်ဇော်





# စစ်အာဏာရှင်စနစ်ရဲ့ အသားနုကို ဆားနဲ့ နာနာပက်ကြရမယ်

● စည်သာအောင် ●



ဧပြီလ၊ ၃ ရက်နေ့တွင်ညေ့်စာရင်းတိုင်ရန်နှိုးဆော်သည့် စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်ရုံး မီးလောင်သည့်မြင်ကွင်း

စစ်အုပ်စုဟာ ရပ်ကျေးအုပ်ချုပ်ရေးရုံးတွေကို ဖွင့်လှစ်ဖို့ အသဲအသန် ကြိုးစားနေတယ်။ ဒါဟာ ဘာကြောင့်ပါလဲ။

လက်ရှိကျင့်သုံးနေတဲ့ မြန်မာနိုင်ငံရဲ့အုပ်ချုပ်ရေးစနစ်ပုံစံအရ ရပ်ကျေးအုပ်ချုပ်ရေးရုံးတွေဟာ အလွန်အရေးကြီးတယ်။ ဒီရုံးတွေက စစ်အုပ်စုရဲ့ဒေါက်တိုင်တွေပါ။ ဒီဒေါက်တိုင်တွေမရှိပဲ သူတို့အုပ်ချုပ်လို့မရပါဘူး။

ရပ်ကွက်ထဲမှာ ဘယ်သူတွေ ဘယ်နေရာမှာနေတယ်၊ ဘာအလုပ် လုပ်တယ်။ ဘယ်သူက ဘာကြိုက်တယ် ဘာကိုထောက်ခံတယ်ဆိုတာကို ဒေသခံ ရပ်ကွက်အုပ်ချုပ်ရေးအဆင့်ဆင့်က သိထားကြတယ်။ ဒါကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေ မဖွင့်ဖွင့်နိုင်အောင် သူတို့ရဲ့ အုပ်ချုပ်ရေးအာဏာတည်ဆောက်နိုင်အောင် စစ်အုပ်စုက ကြိုးစားနေတာဖြစ်ပါတယ်။

လမ်းခွတွေမှာ ချထားတာဖြစ်ဖြစ်၊ အိမ်တွေမှာထားတာဖြစ်ဖြစ် ပြည်သူတွေအားလုံး တပြိုင်နက်တည်း လုပ်ဖို့လိုပါတယ်။

အပေါ်မှာ ပြောခဲ့တဲ့ဥပမာအတိုင်း အကြို၊ အကျ၊ အကြွတ်၊ အတက် လေးရက်စလုံးမှာ လမ်းပေါ် လူစုလူဝေးနဲ့ထွက်ပြီး တော်လှန်သကြံန်ကျဖို့လိုပါတယ်။ တော်လှန်သံချပ်တွေထွက်ပြီး ထိုးဖို့လိုပါတယ်။ ဒီလိုလုပ်တဲ့အခါ ခါတိုင်းနှစ်တွေလို အလှပြကားတွေ၊ ရေပက်ခံကားတွေ၊ မဏ္ဍပ်တွေ၊ စတုဒိသာ ကျွေးပွဲတွေတော့ လုပ်လို့ရမယ် မထင်ပါဘူး။ ကျနော်တို့ ပြည်သူတွေကို သတ်ဖို့ဖြတ်ဖို့ချောင်းမြောင်းနေတဲ့ လူမဆန်တဲ့ လူ့တိရိစ္ဆာန်တွေရဲ့ ရန်ကနေလွတ်အောင် သတိထားပြီး တော်လှန်သကြံန်ကို ဆင်နွှဲရမှာဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ နှစ်သစ်ကူးအခါကြီးရက်ကြီးမှာလည်း မင်းအောင်လှိုင်စစ်အုပ်စုက လူမသတ်ပါဘူးလို့ အာမမခံနိုင်ပါဘူး။ ဒီစစ်ခွေးတွေက လူလိုနားမလည်တဲ့အတွက် လူလိုခံစားပြီး နားလည်နိုင်စွမ်းလည်း မရှိကြပါဘူး။ ဒါကြောင့် ပြည်သူတွေရဲ့ အတာသကြံန်ကို သူတို့ဘက်က နည်းမျိုးစုံနဲ့ နှောင့်ယှက်ကြဖို့ အလားအလာရှိပါတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ သူတို့ကို ထိတ်လန့်စရာမလိုဘဲ တော်လှန်သကြံန်ကိုကျင်းပနိုင်ဖို့ နည်းလမ်းသစ်တွေရှာဖွေပြီး စစ်အာဏာရှင်စနစ် ပြုတ်ကျရေးအတွက် ဆက် လက်တိုက်ပွဲဝင်ကြဖို့လိုပါတယ်။

နှစ်ဆန်းတစ်ရက်နေ့မှာ အကုသိုလ်ကောင်တွေကို သံပုံးအကြီးအကျယ်တီးပြီး နှင်ထုတ်ပစ်ဖို့လည်း လိုပါတယ်။ မိစ္ဆာတွေကို တောထုတ်ပစ်ဖို့ သံဃာတော်တွေကို လမ်းတိုင်းက ပင့်ဖိတ်ပြီး တရားနာတဲ့ အစီအစဉ်တွေ၊ ပရိတ်ရွတ်တဲ့အစီအစဉ်တွေ လုပ်လို့ရပါတယ်။ ဘာသာရေးလုပ်ဆောင်မှုကို လာရောက်တားဆီးပြီး သံဃာတော်တွေကိုပါ ရန်ရှာတိုက်ခိုက်ခဲ့မယ်ဆိုရင်လည်း ပြည်သူလူထုက ငြိမ်ခံမနေဘဲ နောက်တဆင့်တက်ပြီး တော်လှန်ကြရမယ်လို့ ယူဆပါတယ်။

ဒီနှစ်သကြံန်ကတော့ ပျော်စရာမဟုတ်ဘဲ မတရားအာဏာသိမ်းထားတဲ့ စစ်ခွေးမိစ္ဆာတွေကို တော်လှန်စရာ အခွင့်အရေးတရပ်လို့ပဲ ယူမှတ်လိုက်ကြပေတော့လို့ ပြောပါရစေခင်ဗျား။

● ဇေယျာအောင်





# စစ်ရေးစစ်ရာမှတ်စုများ(၂)

● ဘိုးဒေါင်း ●



ပြောက်ကျားတယောက်ပဲဖြစ်ဖြစ် လက်နက်ကိုင်တပ်သားပဲဖြစ်ဖြစ် ခေါင်းဆောင်လုပ်သူဟာ မဆိုင်တာကို ပေးမသိနဲ့။ တပ်သားတယောက်ကလည်း မဆိုင်တာကို မစပ်စုမိလေနဲ့။ စပ်စုလို့ သိသွားခဲ့ရင် ထိန်းသိမ်းရတဲ့တာ ဝန်ကြီးတယ်။ နုတ်မလုံ အခန့်မသင့်လို့ ပေါက်ကြားသွားခဲ့လို့ ရန်သူအတွက် အရေးကြီးသတင်းဖြစ်ခဲ့ရင် ကိုယ့်တပ်ကိုယ် ပြန်သတ်သလိုဖြစ်တတ်တဲ့ သာဓကတွေရှိတယ်။

ပြီးတော့ ကိုယ်တိုင်က ရန်သူသတင်းပေး၊ ဒလန်အဖြစ် အလိုလိုရောက်သွားတတ်တယ်။ ဒါ ဟာ ပြောက်ကျားတယောက်အတွက် အရေးကြီးဆုံး အချက်ဖြစ်တယ်။ ခေါင်းဆောင်လုပ်သူဟာ ကြောင်းကျိုးတရား နဲ့ အခြေ နေစုံကို ထောက်ရှု့ပြီးဆုံးဖြတ်ချက်ကို ခိုင် ခိုင်မာမာချနိုင်တဲ့ Decision Power အားကောင်းဖို့လိုတယ်။ တဦးချင်းဆီမှာတော့ စိတ်ဓာတ်ခိုင်မာဖို့၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းဖို့၊ ဖျတ်လတ်ပြီး တက်ကြွနေဖို့လိုမယ်။ သတိတရားကတော့ပိုတယ်မရှိ။ အချိန်နဲ့အမျှ ကိုယ်နဲ့မကွာ သတိကပ်ထား နိုင်ရမယ်။

အရေးကြီးဆုံးက တော်လှန်ရေးသမာဓိ ခိုင်မြဲဖို့ ယုံကြည်ချက်ခိုင်မြဲဖို့ပဲ။ သို့လောသို့လောနဲ့ သံ

ဆောင်းပါး

သယစိတ်နဲ့ တော်လှန်ရေးအပေါ် တွေဝေပြီး ဆုံးဖြတ်ချက်မပြတ်သားခဲ့ရင် အစကတည်းကတော်လှန်ရေးမှာ ဝင်မပါမိလေနဲ့။ တချိန်မှာ သံသယက တွေဝေမှုကိုဖြစ်စေပြီး တော်လှန်ရေးကိုထိခိုက်စေတယ်။ အဲ့ဒါဟာ လက်တွေ့အခြေနေကို ကျော်လွှန်ပြီး တော်လှန်ရေးစိတ်ကူးယဉ်သမားဖြစ်တယ်။

တော်လှန်ရေး သမာဓိကို လေးညှို့ကလွှတ်တဲ့မြားလို တဖြောင့်တည်းစိတ်ကို ထားနိုင်ရမယ်။ တခြား အာရုံဝင်မလာစေနဲ့။ "စစ်ခေါင်းပြတ်အုပ်စု ပြုတ်ကျရေး"ဆိုတဲ့ တခုတည်းသောအာရုံမှာ တည်ငြိမ် တည့်မတ်စွာ ထားနိုင်ရမယ်။ Mission တခုလုပ်တော့မယ်ဆိုရင် တဦးချင်းပေးထားတဲ့တာဝန်ကို ကျေပွန်ဖို့ပဲလိုတယ်။ သူများတာဝန်ကို ကိုယ်ယူလိုက်တာနဲ့ ကိုယ့်တာဝန်ပျက်ကွက်ပြီလို့မှတ်။ ဒါကြောင့် တဦးချင်း တာဝန်ယူမှု တာ ဝန်ခံမှုရှိဖို့လိုတယ်။

စုပေါင်းဆုံးဖြတ်ထားတဲ့အမိန့်ကို တဦးချင်းလိုက်နာတတ်ကြရမယ်။ ချိန်းချက်သတ်မှတ်နေရာမှာ သတ်မှတ်ချိန်အမီ ရောက်ဖို့လိုတယ်။ သတ်မှတ်ချိန်ထက် စောလည်းမရောက်စေနဲ့။ နောက်ကျပြီးလည်း မရောက်စေနဲ့။ ရောက်မလာခဲ့ရင် သတ်မှတ်နေရာကို သံယောဇဉ်ဖြတ်။ သတိနဲ့စွန့်ခွာ။ အစီစဉ်ပြောင်းတော့။ လိုအပ်ရင် Mission တခုလုံးဖျက်ပစ်ပြီး အသစ်ပြန်ဖွဲ့။ နောက် အစီစဉ်နဲ့ Mission သစ်ပြန်ဆွဲကြရမယ်။ အကြောင်းအမျိုးမျိုးကြောင့် အတိမ်းအစောင်းရှိခဲ့ရင် အချင်းချင်း အပြစ်မတင်လေ နဲ့။ အခြေနေစုံကိုပြန်လည်သုံးသပ်။ အချင်းချင်းဖေးမကူညီ။ သူ့အမှားသူကိုယ်တိုင် သိအောင်ကူညီပြီး ပြင်ဆင်ချိန်ပေးရမယ်။ ကျန်တာ နောက်တပတ်ပေါ့။ အရင်က အတွေ့ကြုံရင့်တဲ့ ပညာရှိတို့ဆိုစကားကို ထပ်မံ မျှဝေလိုက်တယ်။

"လျှို့ဝှက်ချက်ကို မျက်လုံးအိမ်လိုသဘောထား"တဲ့။

● ဘိုးဒေါင်း







# ပျော်စရာသင်္ကြန်မဟုတ်တဲ့ 'တော်လှန်သင်္ကြန်'ကိုဆင်နွှဲကြ

● ဇေယျာအောင် ●



ဒီနှစ် ဧပြီလမှာကျရောက်မယ့် မြန်မာနှစ်သစ်ကူးဟာ အရင့်အရင်နှစ်တွေလို ပြည်သူတွေအတွက် ပျော်စရာရွှင်စရာကာလတွေ မဟုတ်တော့ပါဘူး။

ထုတ်ပြန်ကြေညာချက်အရ လူပေါင်း(၆၀၀)ကျော် ကျဆုံးသွားရတယ်လို့ပြောပေမယ့် ခုထိ ရှာမတွေ့ဘဲ ပျောက်နေတဲ့လူတွေပါအပါအဝင် လူပေါင်းတထောင်နီးပါး အသက်အန္တရာယ်ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်သင်္ကြန်ကို ပြည်သူအများကတော့ ပျော်စရာလို့ ထင်မြင်ယူဆမှာမဟုတ်တာ အသေအချာပဲ။ ကြေကွဲစရာကိစ္စရပ်တွေ ရှိနေပေမယ့်လည်း ကျဆုံးသွားတဲ့သူတွေအတွက် သွေးမြေကျရတာ အလဟဿမဖြစ်ရအောင် ဒီအတာသင်္ကြန်ကို တော်လှန်တဲ့အတာသင်္ကြန်အဖြစ် ဖန်တီးပြောင်း လဲပစ်ဖို့လိုနေပါတယ်။

ကျနော်တို့ ဘယ်လိုတော်လှန်ကြမလဲ။ ဒီမေးခွန်းကတော့ အတော်စဉ်းစားပြီးအလေးထားဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ ကျနော်တို့ သင်္ကြန်ကိုကြိုဆိုတဲ့နေရာမှာ ခါတိုင်းထက် ပိုထူးကဲတဲ့ တော်လှန်ရေးအငွေ့အသက်ပါအောင် ကြိုဆိုနည်းတွေနဲ့ ကြိုဆိုကြရမယ်လို့ ပြောချင်ပါတယ်။ အတာအိုးတွေပေါ်မှာ လက်သုံးချောင်းထောင်တဲ့ နွေဦးတော်လှန်ရေး အမှတ်သင်္ကေတတွေရေးဆွဲပြီး လမ်းဆုံ